ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# အားလုံးတစ်ပေါင်းတည်းကျော်လွှားခြင်း
# COVID-19 စီးပွားရေးကုစားမှုအစီအစဉ်

၂၀၂၀ ခုနှစ်၊ ဧပြီလ ၂၇ ရက်

Scanned by CamScanner

# မာတိကာ


နိဒါန်း ..... ၄

အတိုကောက်များ ..... ၅

အကျဉ်းချုပ်နှင့် ဖွဲ့စည်းတည်ဆောက်ပုံ ..... ၆

ဆောင်ရွက်ရမည့် အခြေပြုဇယား ..... ၇

ပန်းတိုင် ၁ - ငွေကြေးသက်သာခွင့်များဖြင့် အသေးစားစီးပွားရေးလုပ်ငန်းကို တိုးတက်စေခြင်း ..... ၇

၁.၁. ငွေကြေးသက်သာခွင့်များ ပံ့ပိုးပေးခြင်း ..... ၇

ပန်းတိုင် ၂ - ရင်းနှီးမြှုပ်နှံမှု ကုန်သွယ်ရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍများအား တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိက ကဏ္ဍအပေါ်သက်ရောက်မှုများကို ပြေလျော့ပေးခြင်း ..... ၇

၂.၁. ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှု ပြေလျော့ပေးခြင်း ..... ၇

၂.၂. ဘဏ်လုပ်ငန်းဆောင်တာများကို လွယ်ကူချောမွေ့စေခြင်း ..... ၉

၂.၃. ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ခြင်း ..... ၉

၂.၄. နိုင်ငံတကာကုန်သွယ်ရေးမြှင့်တင်ခြင်း ..... ၁၀

ပန်းတိုင် ၃ - အလုပ်သမားများအပေါ် သက်ရောက်မှုကို လျော့ပါးစေခြင်း ..... ၁၀

၃.၁. အလုပ်သမားများအပေါ် သက်ရောက်မှုကို လျော့ပါးစေခြင်း ..... ၁၀

ပန်းတိုင် ၄ - အိမ်ထောင်စုများအပေါ် သက်ရောက်မှု လျော့ပါးစေခြင်း ..... ၁၁

၄.၁. အိမ်ထောင်စုများအပေါ် သက်ရောက်မှု လျော့ပါးစေခြင်း ..... ၁၁

ပန်းတိုင် ၅ - ဆန်းသစ်ထုတ်ကုန်များနှင့် ပုံစံများကို တိုးမြှင့်မိတ်ဆက်ခြင်း ..... ၁၁

၅.၁. ဆန်းသစ်ထုတ်ကုန်များကို တိုးမြှင့်မိတ်ဆက်ခြင်း ..... ၁၁

ပန်းတိုင် ၆ - ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို အားကောင်းလာစေခြင်း ..... ၁၂

၆.၁. အစိုးရစရိတ်တိုးမြှင့်သုံးစွဲခြင်းနှင့် ဥပဒေပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းတို့ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုစနစ်ကို မြှင့်တင်ခြင်း ..... ၁၂

ပန်းတိုင် ၇ - COVID-၁၉ တုံ့ပြန်မှု ရန်ပုံငွေ သုံးစွဲနိုင်မှု မြှင့်တင်ခြင်း (အရေးပေါ်ရန်ပုံငွေအပါအဝင်) ..... ၁၄

၇.၁. COVID-၁၉ ရန်ပုံငွေနှင့် အရေးပုံရန်ပုံငွေ သုံးစွဲနိုင်မှု မြှင့်တင်ခြင်း ..... ၁၄

အကောင်အထည်ဖော်မှုကို စောင့်ကြည့်ခြင်း ..... ၁၅

စောင့်ကြည့်စိစစ်မည့် အခြေပြုဇယား ..... ၁၅

ပန်းတိုင် ၁ - အသေးစားစီးပွားရေးလုပ်ငန်းကို ငွေကြေးသက်သာခွင့်များဖြင့် မြှင့်တင်ခြင်း ..... ၁၅





Scanned by CamScanner

၁.၁. ငွေကြေးသက်သာခွင့်များ ပံ့ပိုးပေးခြင်း ............ ၁၅

ပန်းတိုင် ၂ - ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍများအား တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍအပေါ်သက်ရောက်မှုများကို ဖြေလျှော့ပေးခြင်း ............ ၁၅

၂.၁. ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှု ဖြေလျှော့ပေးခြင်း ............ ၁၅

၂.၂. ဘဏ်လုပ်ငန်းဆောင်တာများကို လွယ်ကူချောမွေ့စေခြင်း ............ ၁၆

၂.၃. ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ခြင်း ............ ၁၇

၂.၄. နိုင်ငံတကာကုန်သွယ်ရေးမြှင့်တင်ခြင်း ............ ၁၇

ပန်းတိုင် ၃ - အလုပ်သမားများအပေါ် သက်ရောက်မှုကို လျှော့ပါးစေခြင်း............ ၁၇

၃.၁. အလုပ်သမားများအပေါ် သက်ရောက်မှုကို လျှော့ပါးစေခြင်း............ ၁၇

ပန်းတိုင် ၄ - အိမ်ထောင်စုများအပေါ် သက်ရောက်မှု လျှော့ပါးစေခြင်း............ ၁၇

၄.၁. အိမ်ထောင်စုများအပေါ် သက်ရောက်မှု လျှော့ပါးစေခြင်း ............ ၁၇

ပန်းတိုင် ၅ - ဆန်းသစ်ထုတ်ကုန်များနှင့် ပုံစံများကို တိုးမြှင့်မိတ်ဆက်ခြင်း ............ ၁၈

၅.၁. ဆန်းသစ်ထုတ်ကုန်များကို တိုးမြှင့်မိတ်ဆက်ခြင်း............ ၁၈

ပန်းတိုင် ၆ - ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို အားကောင်းလာစေခြင်း............ ၁၈

၆.၁. အစိုးရစရိတ်တိုးမြှင့်သုံးစွဲခြင်းနှင့် ဥပဒေပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းတို့ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုစနစ်ကို မြှင့်တင်ခြင်း ............ ၁၈

ပန်းတိုင် ၇ - COVID-၁၉ တုံ့ပြန်မှု ရန်ပုံငွေ သုံးစွဲနိုင်မှု မြှင့်တင်ခြင်း (အရေးပေါ်ရန်ပုံငွေအပါအဝင်) ............ ၁၉

၇.၁. COVID-၁၉ ရန်ပုံငွေနှင့် အရေးပုံရန်ပုံငွေ သုံးစွဲနိုင်မှု မြှင့်တင်ခြင်း............ ၁၉




Scanned by CamScanner

# နိဒါန်း

ကျွန်မတို့နိုင်ငံရဲ့ သမိုင်းမှာ ပထမဦးဆုံးအကြိမ်အနေနဲ့ ကျွန်မတို့ရဲ့ ပြည်သူတွေဟာ ကိုယ့်ရဲ့ အသက်နဲ့ အသက်မွေးဝမ်းကျောင်းကို ခြိမ်းခြောက်နေတဲ့ မမြင်ရတဲ့အန္တရာယ်ကို ရင်ဆိုင်နေရပါတယ်။ လက်ရှိ ဖြစ်ပွားနေတဲ့ COVID-19 ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဟာ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပေါကြွယ်ဝမှုတို့ကို ခြိမ်းခြောက်တဲ့ နောက်ဆက်တွဲ အကျိုးဆက်တွေ အကြီးအကျယ် ရှိလာဦးမှာပါ။ ဒါကြောင့် မြန်မာနိုင်ငံမှာလည်း မကြုံစဖူး ကျန်းမာရေးနဲ့ စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုတွေကိုလည်း တွေ့ကြုံလာရဦးမှာပါ။ ကျွန်မတို့နိုင်ငံရဲ့ ဘယ်လို စီးပွားရေးလုပ်ငန်းမျိုးကမှ ဒီအခြေအနေကို တောင့်ခံနိုင်လိမ့်မယ်လို့ မထင်ပါဘူး။

အတိတ်မှာတုန်းက လာမဲ့အနာဂတ်အတွက် အသေးစိတ်အစီအစဉ်တွေ ချမှတ်ထားခဲ့တာမျိုး မရှိပေမဲ့လည်း COVID-19 ကို တိုက်ဖျက်ဖို့ ကျွန်မတို့ အတူတကွ ရင်ဆိုင်ကြရပါမယ်။ ကျွန်မတို့ရဲ့ စုစည်းတုံ့ပြန်မှုဟာ ပြည့်စုံပြီး စနစ်တကျရှိရပါမယ်။ ဒီစိန်ခေါ်မှုအသစ်ကို ရင်ဆိုင်နေကြရတဲ့ အများပိုင်နှင့် ပုဂ္ဂလိကပိုင် ကဏ္ဍနှစ်ရပ်လုံးမှာရှိတဲ့ ပြည်တွင်းပြည်ပက တစ်ဦးချင်းတစ်ယောက်ချင်းနဲ့ အသိုင်းအဝန်း တစ်ခုလုံးရဲ့ ပူးတွဲလုပ်ကိုင် အားပေးပံ့ပိုးကြတဲ့ သိတတ်မှုတွေကြောင့် ကျွန်မ ခွန်အားတွေရပါတယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေးလျှင်လျှင်မြန်မြန် နလံထူလာနိုင်အောင်ဖောင်ဒေးရှင်းတွေထူထောင်ခြင်း၊ မူဝါဒများ အတတ်နိုင်ဆုံး အတိုင်းအတာတစ်ရပ်အထိ အကောင်းဆုံး ချမှတ်ဆောင်ရွက်ခြင်းနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စုစည်းတုံ့ပြန်ခြင်းတွေ လုပ်နေတဲ့အချိန်မှာ COVID-19 စီးပွားရေးကုစားမှုအစီအစဉ်ဟာ COVID-19 ကြောင့် မြေကြီးလက်ခတ်မလွဲ ကြုံရမဲ့စီးပွားရေး သက်ရောက်မှုတွေကို ကုစားနိုင်မှာ ဖြစ်ပါတယ်။

COVID-19 စီးပွားရေးကုစားမှုအစီအစဉ်ဟာ ဘယ်သူတစ်ဦးတစ်ယောက်မှ မကျန်ခဲ့စေဘဲ stakeholders အားလုံးရဲ့ လိုအပ်ချက်တွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းနိုင်မှာ ဖြစ်ပါတယ်။ COVID-19 ကြောင့် ထင်သာမြင်သာရှိတဲ့ အချက်ကတော့ ကြိုတင်ခန့်မှန်းထားတဲ့ အခွန်ဝင်ငွေမရနိုင်ဘဲ လျော့ကျမှု ဖြစ်ပါတယ်။ ဒီလိုအခွန်ဝင်ငွေ လျော့ကျမှုကြောင့် အစိုးရရဲ့ ခွဲဝေချထားပေးတဲ့ အသုံးစရိတ်တွေကို လျှော့ချပြီး COVID-19 နဲ့ဆက်စပ်တဲ့ အသုံးစရိတ်တွေနဲ့ မူဝါဒပိုင်း ဆောင်ရွက်မှုတွေမှာ ပြန်လည်ခွဲဝေဖို့ လိုအပ်လာပါတယ်။ ဒါပေမဲ့လည်း ဒီလိုခွဲဝေချထားတဲ့ အသုံးစရိတ်လောက်နဲ့ မြန်မာပြည်မှာရရှိဖို့ ကြိုးစားနေရတဲ့ အခြေခံလူမှုရေးနဲ့ စီးပွားရေးဆိုင်ရာ လွတ်လပ်ခွင့်တွေအတွက် ကုန်ကျမဲ့အသုံးစရိတ်ကို ဖြည့်ဆည်းပေးနိုင်ဦးမှာ မဟုတ်ပါဘူး။

COVID-19 ဟာ ကျွန်မတို့ရဲ့ နိုင်ငံ၊ ကျွန်မတို့ရဲ့ စီးပွားရေးနဲ့ ကျွန်မတို့ရဲ့ ပြည်သူတွေအပေါ်ကို အရိပ် အကြာကြီး လွှမ်းမိုးနေဦးမှာ သံသယရှိစရာမလိုပါဘူး။ ဒါပေမဲ့လည်း ယခုကစပြီး ပြတ်ပြတ်သားသား ဆောင်ရွက်ခြင်းဖြင့် လူပုဂ္ဂိုလ်တိုင်း အိမ်ထောင်စုတိုင်း ရင်ဆိုင်နေရတဲ့ စီးပွားရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးကို ဖြေလျှော့နိုင်မှာဖြစ်သလို ကျွန်မတို့နိုင်ငံရဲ့ သူရဲကောင်းတွေဖြစ်တဲ့ ရှေ့တန်းက ကျန်းမာရေးလုပ်သားတွေကို ခွန်အားရှိစေမှာပါ။ ပြီးတော့လည်း ကျွန်မတို့နိုင်ငံရဲ့ အသေးစားစီးပွားရေးလုပ်ငန်းလေးတွေကို ကျားကန်ပေးထားနိုင်မှာဖြစ်ပြီး ဒီကိစ္စကြီး ပြီးသွားတာနဲ့ ကျွန်မတို့ဟာ အနာဂတ်ကို ရင်ဆိုင်ဖို့ အင်ပြည့် အားပြည့်နဲ့ ဖြစ်နေမှာပါ။

ကျွန်မတို့နိုင်ငံရဲ့ ဂုဏ်ယူစရာကောင်းတဲ့ သမိုင်းကြောင်းတစ်လျှောက်မှာ ဖြစ်ပေါ်လာတဲ့ကိစ္စကြောင့်မလို့ အခုလို ရှန်းကန်နေရတဲ့အချိန်တွေဟာ ကျွန်မတို့ပြည်သူတွေရဲ့ ခွန်အားနဲ့ ခံနိုင်ရည်စွမ်းအားတို့ပေါ် အများကြီးမူတည်နေပါတယ်။ ကျွန်မတို့အားလုံး အတူတူရှိကြရပါမယ်။ အနည်းဆုံးတော့ တစ်ခြားသူ တစ်ယောက်ရဲ့ ဝန်ကို ဝိုင်းဝန်း သယ်ပိုးလိုစိတ်ရှိရပါမယ်။ ဝေမျှတတ်တဲ့စိတ်ဓါတ်၊ စာနာရိုင်းပင်းမှု၊ လှုံ့လဝီရိယရှိမှု၊ ထိုးထွင်းကြံဆနိုင်မှုတို့ကြောင့်ပဲ မြန်မာနိုင်ငံဟာ အောင်မြင်ခြင်းပန်းတိုင်ကို တက်လှမ်းနိုင်လိမ့်မယ်လို့ ကျွန်မယုံကြည်ပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်**
နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်



Scanned by CamScanner

## အတိုကောက်များ

| | | |
|---|---|---|
| ADB | - | အာရှဖွံ့ဖြိုးရေးဘဏ် |
| BOT | - | Build-Operate Transfer |
| CCRP | - | COVID-19 အတွက် ပြည့်စုံသော တုံ့ပြန်မှုအစီအစဉ် |
| CMP | - | Cut-Make-Pack |
| COVID-19 | - | Coronavirus Disease 2019 |
| G2P | - | Government-to-People (အစိုးရမှ ပြည်သူသို့) |
| GAD | - | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| GoM | - | မြန်မာအစိုးရ |
| ICU | - | အထူးကြပ်မတ်ကုသဆောင် |
| IMF | - | အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ |
| IRD | - | ပြည်တွင်းအခွန်များဦးစီးဌာန |
| JICA | - | ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ |
| KOICA | - | ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ |
| MADB | - | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MCCT | - | ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား ငွေကြေးထောက်ပံ့မှုအစီအစဉ် |
| MEB | - | မြန်မာ့စီးပွားရေးဘဏ် |
| MFI | - | အသေးစားချေးငွေလုပ်ငန်း |
| MIFER | - | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| MoALI | - | စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| MoCOM | - | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| MoCON | - | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| MoE | - | ပညာရေးဝန်ကြီးဌာန |
| MoEE | - | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| MoHS | - | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| MoHT | - | ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန |
| MoLIP | - | အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| MoPFI | - | စီမံကိန်း ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန |
| MoSWRR | - | လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| MSDP | - | မြန်မာ့စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးစီမံကိန်း |
| MSME | - | အငယ်စား အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ |
| NPL | - | သက်တမ်းလွန်ချေးငွေ |
| PPE | - | ရောဂါကာကွယ်ရေးဝတ်စုံ |
| PPP | - | အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု |
| SSB | - | လူမှုဖူလုံရေးအဖွဲ့ |
| UN | - | ကုလသမဂ္ဂ |
| USAID | - | အမေရိကန် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ |
| WHO | - | ကမ္ဘာ့ကျန်းမာရေးအဖွဲ့ |



Scanned by CamScanner

# အကျဉ်းချုပ်နှင့် ဖွဲ့စည်းတည်ဆောက်ပုံ

COVID-19 ကမ္ဘာ့ကပ်ရောဂါသည် ၁၉၃၀ ပြည့်နှစ်များနောက်ပိုင်း စီးပွားပျက်ကပ်ပြီးနောက် ကမ္ဘာ့စီးပွားရေး အကျဘက် အကြီးမားဆုံးအခြေအနေသို့ ရောက်ရှိလာပြီ ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းက သန်းပေါင်းများစွာသော ပြည်သူတွေ အလုပ်ပြုတ်ကုန်ကျသည်၊ အစိုးရဘဏ္ဍာရေးကလည်း ကျဉ်းထဲကျပ်ထဲရောက်သွားသည်၊ ငွေကြေးဈေးကွက်တွေကလည်း ယိုင်နဲ့နဲ့သာ ရှိတော့သည်။ ကုန်သွယ်ရေးစီးဆင်းမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်သူများ အထိနာကြသည်။ မသေမသပ်နဲ့ မူဝါဒပိုင်းဆက်တိုက် ဆိုသလို တုံ့ပြန်မှုတွေက ရှုပ်ထွေးနေသလို အသစ်ထွက်ပေါ် လာမှုကိုလည်း မျှော်လင့်ကြသည်။

မြန်မာနိုင်ငံသည် COVID-19 ကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲအကျိုးဆက်များမှ လွန်မြောက်နိုင်လိမ့်မည်မဟုတ်ပါ။ ပျက်စီးသွားသော ကုန်သွယ်ရေးကွင်းဆက်နှင့် ကုန်သွယ်ရေးစီးဆင်းမှုများ၊ ကျဆင်းသွားသော လဏ္ဍားရောင်းချမှုနှင့် အပိုသုံးစွဲမှုများ၊ ခရီးသွားလုပ်ငန်းများ ရပ်နားသွားမှု၊ စားသုံးသူနှင့် ရင်းနှီးမြှုပ်နှံမှု ကျယ်ကျယ်ပြန့်ပြန့် တိတ်ဆိတ်သွားမှုတို့က ကျွန်ုပ်တို့တွေ့ကြုံခဲ့ပြီးသား သက်ရောက်မှုများပင်ဖြစ်သည်။ ဒါကို ရင်ဆိုင်ရာတွင် မြန်မာပြည်သူများသည် ပင်ကိုယ်သဘာဝ အားဖြင့် သတ္တိရှိပြီး အလိုက်သင့်တော်လှန်လွန်မြောက်နိုင်စွမ်းရှိပါသည်။ သို့ရာတွင် ၎င်းတို့၏ အစိုးရက ကိစ္စအများအပြားကို လုပ်နိုင်မလားနှင့် လုပ်မှာလားဆိုသည်က ရှိသေးသည်။ ဆောင်ရွက်မည့်စီမံချက်များက လက်ရှိဖြစ်ပွားနေသော ပြင်ပက ကပ်ဆိုက်နေသည့်အခြေအနေကို ပိုမိုသက်သာလာအောင်တော့ ဆောင်ရွက်နိုင်မည်မဟုတ်သော်လည်း ကျွန်ုပ်တို့ ပြည်သူ ပြည်သားများ၏ လိုအပ်ချက်နှင့် ဖြစ်သင့်ဖြစ်ထိုက်သည့် စီးပွားရေးမျိုးဆီကို ဦးတည်မောင်းနှင်ပေးမည့် သန့်မာသည့် ယန္တရားများနှင့် အဖွဲ့အစည်းများကိုတော့ ဖြစ်ပေါ်လာစေနိုင်ပါလိမ့်မည်။

COVID-19 စီးပွားရေးကုစားမှုအစီအစဉ် (CERP) တွင် ရေရှည်အတွက်ချမှတ်ထားသည့် မဟာဗျူဟာများကို ထပ်လောင်း အတည်ပြုထားပြီး မြန်မာနိုင်ငံ၏ လက်ရှိကြုံတွေ့နေရသည့် အရေးပေါ်အခြေအနေများကို တုံ့ပြန်နိုင်ဖို့ လိုက်လျော ညီထွေရေးဆွဲထားပါသည်။ ယင်းတွင် ပေါ်လွင်၍ အလားအလာကောင်းသော လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည့် မူဝါဒများနှင့် အဆိုပြုချက်များပါဝင်ပါသည်။ CERP သည် ရှိပြီးသား ရင်းမြစ်များနှင့် လိုက်လျောညီထွေ ဆောင်ရွက်နိုင်အောင် လည်း ဂရုပြုထားပါသည်။ မြန်မာနိုင်ငံ၏ ခိုင်မာသော ကြွေးမြီရရှိမှုနှင့် မကြာသေးခင်နှစ်များအတွင်းက တည်ငြိမ်သော အသေးစားစီးပွားရေးရှိလာမှုတို့က ကျွန်ုပ်တို့ လိုအပ်သည့် အသုံးစရိတ်များသုံးစွဲရာတွင် ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေ ကောင်းများကို ပိုင်ဆိုင်ထားသည်ဟု ဆိုနိုင်သည်။ မည်သို့ပင်ဆိုစေကာမူ CERP သည် ပုဂ္ဂလိကကဏ္ဍကမိတ်ဖက်များနှင့် လုပ်ကိုင်သည်ဖြစ်စေ၊ နိုင်ငံအသီးသီးက ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် အခြားဖွံ့ဖြိုးရေးအတွက်မိတ်ဖက်များနှင့် ဆောင်ရွက်သည်ဖြစ်စေ၊ အသုံးစရိတ်များ သုံးစွဲရာတွင် အလေအလွင့်မရှိအောင် ရေးဆွဲထားပါသည်။

CERP တွင် COVID-19 ကြောင့် ကျွန်ုပ်တို့၏ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှု အခြေအနေများကို လျော့ပါး သက်သာစေမည့် စီမံချက်များပါဝင်သလို ခိုင်မာသည့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အမြန်ဆုံးခုန်ပျံကျော်လွှား ရောက်ရှိမည့် အခြေအနေကိုလည်း ပိုင်ဆိုင်စေပါသည်။

ကျွန်ုပ်တို့၏ CERP ကို သေသေချာချာအလေးထားရေးဆွဲထားပြီး မြန်မာနိုင်ငံတွင် ကပ်ရောဂါကြီးကို အောင်နိုင်ရုံသာမက ကျွန်ုပ်တို့၏ တိုးတက်မှုနှင့် မျှော်လင့်ချက်များကို ခိုင်မာစေမည့် အခြားတစ်ဖက် ပေါ်ထွက်လာအောင်လည်း အလိုက်သင့် ကျော်လွှားနိုင်စွမ်းနှင့် လိုအပ်သော ရင်းမြစ်များရှိပြီးဖြစ်သည်ဟု ယုံကြည်ပါသည်။

CERP တွင် တမူထူးခြားသော ဘဏ္ဍာရေးစီမံချက်များပါဝင်ပြီး လူသားရင်းမြစ်နှင့် အလိုအလျောက် မူဝါဒပိုင်း တုံ့ပြန်နိုင်မှုဖြင့် ပေါင်းစပ်ထားသော ပန်းတိုင် (Goals) ၇ ခု၊ မဟာဗျူဟာ (Strategies) ၁၀ ရပ်၊ ဆောင်ရွက်ရမည့်စီမံချက် (Action Plans) 36 ခု၊ အရေးယူဆောင်ရွက်မှု (Actions) ၇၆ ခု ပါဝင်ပါသည်။ CERP သည် ကျွန်ုပ်တို့၏ စီးပွားရေးကို မထိခိုက်စေဘဲ လျော့ပါးသက်သာသွားစေမည့်အခြေအနေကို ရှာဖွေပေးနိုင်မှာဖြစ်သည်ဟု ပြောလို့ရပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာနှင့်အဝှမ်းဆက်လက်ဆောင်ရွက်ရမည့် အရေးအခင်းဖြစ်ပါသည်။ ထို့နည်းတူ ဤ CERP သည်လည်း ပေါ်ပေါက်လာသည့်အခြေအနေနှင့် လိုအပ်ချက်များနှင့်အညီ ရေးဆွဲရမည့် ပြောင်းလဲနေမည့်လမ်းညွှန် (living document) အဖြစ် ရှိနေမည်ဖြစ်ပါသည်။



Scanned by CamScanner

## ဆောင်ရွက်ရမည့် အခြေပြဇယား

| ဆောင်ရွက်ရန် စီမံချက်များ (Action Plans) | | အချိန်ကာလ သတ်မှတ်ချက် | တာဝန်ယူရမည့် အဖွဲ့အစည်း |
|---|---|---|---|
| **ပန်းတိုင် ၁ - ငွေကြေးသက်သာခွင့်များဖြင့် အသေးစားစီးပွားရေးလုပ်ငန်းကို တိုးတက်စေခြင်း** | | | |
| **၁.၁. ငွေကြေးသက်သာခွင့်များ ပံ့ပိုးပေးခြင်း** | | | |
| ၁.၁.၁. နည်းပါးသော အတိုးနှုန်းများ | (က) ၃.၀% အတိုးနှုန်းဖြင့် ဘဏ်အပ်ငွေနှင့် ချေးငွေပေးမှု | ဆောင်ရွက်ပြီး | ဗဟိုဘဏ် |
| | (ခ) ဈေးကွက်အခြေအနေနှင့် လိုက်လျောညီထွေရှိမည့် နှုန်းထားများကို ခွင့်ပြုပေးခြင်း | ဆောင်ရွက်ပြီး | ဗဟိုဘဏ် |
| ၁.၁.၂. အရေးပေါ် ရန်ပုံငွေလိုအပ်ချက် | (က) ဘဏ်များတွင် အနည်းဆုံး 150 bps ဖြင့် အရေးပေါ် ရန်ပုံငွေထားရှိခြင်း | ဆောင်ရွက်ပြီး | ဗဟိုဘဏ် |
| ၁.၁.၃. ချေးငွေလေလံ ဆောင်ရွက်မှု | (က) ဘဏ်ကဏ္ဍတွင် ပိုမို ငွေဖြစ်လွယ်နိုင်စွမ်းကို စဉ်းစား၍ လိုအပ်သလို ချေးငွေလေလံကို ဆောင်ရွက်ခြင်း | ချက်ချင်း | ဗဟိုဘဏ် |
| ၁.၁.၄. တစ်ကြိမ်တည်းနှင့်ပြီးသွားမည့် စီမံချက်အနေဖြင့် ဗဟိုဘဏ်၏ မြင့်တက်လာသော ဘဏ္ဍာရေး လိုငွေပြမှုကို ခွင့်ပြုခြင်း | (က) COVID-19 အတွက် စီမံချက်တစ်ရပ်အနေဖြင့် လည်ပတ်ငွေကြေးပမာဏ (money supply) အတွင်း လိုအပ်သည့်တိုးတက်မှု (target growth) ရောက်ရှိရေးအတွက် သင့်လျော်သောပမာဏတစ်ရပ်ဖြင့် ဗဟိုဘဏ်၏ မြင့်တက်လာမည့် လိုငွေပြမှုကို လိုအပ်သလို ခွင့်ပြုပေးခြင်း။ | ၂၀၂၀ နှစ်ကုန် | စီမံ/ဘဏ္ဍာ/စက်မှု ဗဟိုဘဏ် |
| ၁.၁.၅. ငွေတိုက်စာချုပ်များ/ ချေးပြိုင်စနစ်ဖြင့် ရောင်းချမှုများလျှော့ချခြင်း | (က) COVID-19 အတွက် သီးခြားတုံ့ပြန်မှုများကြောင့် (ဘဏ္ဍာရေးလိုငွေပြခြင်းကဲ့သို့သော) မလိုလားအပ်သည့် သက်ရောက်မှုများကို ရှောင်ရှားနိုင်ရန် ငွေတိုက်စာချုပ်များ/ ချေးပြိုင်စနစ်ဖြင့် ရောင်းချမှုများကို လျှော့ချခြင်း | ၂၀၂၀ နှစ်မကုန်မီ | စီမံ/ဘဏ္ဍာ/စက်မှု ဗဟိုဘဏ် |
| **ပန်းတိုင် ၂ - ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍများအား တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိက ကဏ္ဍအပေါ်သက်ရောက်မှုများကို ဖြေလျှော့ပေးခြင်း** | | | |
| **၂.၁. ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှု ဖြေလျှော့ပေးခြင်း** | | | |
| ၂.၁.၁. ကုန်ကျစရိတ်နည်းပါးသော ရန်ပုံငွေများ (အစိုးရအသုံးစရိတ် မြှင့်တင်ခြင်း) | (က) CMP, ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ ပါဝင်သည့် ထိခိုက်သွားသော MSMEs များကို နှစ်စဉ် အတိုးနှုန်း ၁% ဖြင့် အလုပ်လုပ်နိုင်မည့် ရင်းနှီးငွေ မြန်မာကျပ်ငွေ ၁၀၀ ဘီလီယံ ၁ နှစ် ထောက်ပံ့ပေးခြင်း | ဆောင်ရွက်ပြီး | ရင်းနှီးစီးပွားနှင့် လုပ်ငန်းအဖွဲ့ |
| | (ခ) MFIs များကို ကုန်ကျစရိတ်နည်းပါးသော ရန်ပုံငွေ အသုံးပြုခွင့် ရရှိစေခြင်း | ချက်ချင်း | ငွေကြေးကြီးကြပ်စစ်ဆေးရေးဦးစီး |
| | (ဂ) ဈေးကွက်တုံ့ပြန်မှုပေါ်မူတည်၍ ရန်ပုံငွေ အရွယ်အစားကို မြန်မာကျပ် ၂၀၀-၅၀၀ ဘီလီယံထိ တိုးမြှင့်ထားရှိခြင်း | ၂၀၂၀ နှစ်မကုန်မီ | ရင်းနှီးစီးပွားနှင့် ရုံးအဖွဲ့ |
| | (ဃ) MEB/ MADB လျှင်လျှင်မြန်မြန်ပေါင်းစည်းခြင်းဖြင့် စီးပွားရေးအရ အကျိုးအများဆုံးဖြစ်ထွန်းနိုင်မည့် မြို့နယ် | ၂၀၂၀ နှစ်မကုန်မီ | စီမံ/ဘဏ္ဍာ/စက်မှု |



Scanned by CamScanner

| ဆောင်ရွက်ရန် စီမံချက်များ (Action Plans) | | အချိန်ကာလ သတ်မှတ်ချက် | တာဝန်ယူရမည့် အဖွဲ့အစည်း |
|---|---|---|---|
| | များတွင် လက်ရှိစီးပွားဖြစ်ငွေချေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ခြင်း | | |
| ၂.၁.၂. ချေးငွေအာမခံ အစီအစဉ်များ | (က) ရင်းနှီးမြှုပ်နှံရန်အတွက် မြန်မာ့စီးပွားရေးလုပ်ငန်းများသို့ ဘဏ်များက အသစ်ထုတ်ချေးသည့် ချေးငွေ၏ ၅၀% ကို အစိုးရက အာမခံပေးခြင်း၊ ယင်းသည် ၂.၁.၁. တွင် ပါဝင်သော အကျိုးခံစားခွင့်များနှင့် မသက်ဆိုင်ပါ။ | ၂၀၂၀ နှစ်မကုန်မီ | စီမံ/ဘဏ္ဍာ/စက်မှု |
| | (ခ) COVID-19 ကြောင့် ဒဏ်ခံခဲ့ရသော တိုးတက်နှုန်းမြင့်မားသည့် စီးပွားရေးလုပ်ငန်း အသစ်/အဟောင်းများကို အစိုးရက အာမခံပေးခြင်း | ၂၀၂၀ နှစ်မကုန်မီ | စီမံ/ဘဏ္ဍာ/စက်မှု |
| ၂.၁.၃. အခွန်/ပေးသွင်းရသည့် အခကြေးငွေများ ရွှေ့ဆိုင်းခြင်း သို့မဟုတ် လျှော့ပေါ့ပေးခြင်း | (က) ကုန်သွယ်ဝင်ငွေခွန်ကို ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၃၀ အထိ ရွှေ့ဆိုင်းပေးခြင်း | ဆောင်ရွက်ပြီး | ပြည်တွင်းအခွန် |
| | (ခ) ကုန်သွယ်ခွန်ကို ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၃၀ အထိ ရွှေ့ဆိုင်းပေးခြင်း | ဆောင်ရွက်ပြီး | ပြည်တွင်းအခွန် |
| | (ဂ) ပို့ကုန်များအပေါ်တွင် ပင်ရင်းမှနှုတ်ယူပေးသွင်းသည့် ၂% အခွန် လျှော့ပေါ့ပေးခြင်း | ဆောင်ရွက်ပြီး | ပြည်တွင်းအခွန် |
| | (ဃ) MoHT က စည်းကြပ်သည့် နှစ်စဉ်ကြေးများကို လျှော့ပေါ့ပေးခြင်း | ဆောင်ရွက်ပြီး | MoHT |
| | (င) SSB ထည့်ဝင်ကြေးများကို ၃ လခန့် ရွှေ့ဆိုင်းပေးခြင်း | ဆောင်ရွက်ပြီး | MoLIP |
| | (စ) ဆေးဝါးနှင့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ဆိုင်သော အရေးကြီး ဆေးဘက်ဆိုင်ရာပစ္စည်းများအတွက် အထူးကုန်စည်ခွန်ကို လျှော့ပေါ့ပေးခြင်း | ချက်ချင်း | ပြည်တွင်းအခွန် |
| | (ဆ) COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ဆိုင်သော အရေးကြီးသည့် ဆေးဘက်ဆိုင်ရာပစ္စည်းများကို အကောက်ခွန်နှင့်ကုန်သွယ်ခွန်များကို လျှော့ပေါ့ပေးခြင်း | ချက်ချင်း | အကောက်ခွန် ဦးစီးဌာန |
| | (ဇ) အစိုးရလမ်းမကြီးများပေါ်တွင် ကုန်တင်ကားများကို ဂိတ်ကြေးကောက်ခံမှုအား လျှော့ပေါ့ပေးရန် | တတ်နိုင်သမျှ မြန်မြန် | MoCON |
| ၂.၁.၄. ဒဏ်ခံရသော လုပ်ငန်းများအား ငှားရမ်းကြေးများ ကင်းလွတ်ခွင့်ပြုခြင်း | (က) ထုတ်လုပ်ရေးအတွက် နိုင်ငံတော်မှ ပိုင်ဆိုင်သည့် စက်ရုံများ ငှားရမ်းထားပြီး ကျန်ခဲ့သည့် သုံးလအတွင်း ငှားရမ်းချမှန်မှန်ပေးနေသော ဒဏ်ခံရသည့် လုပ်ငန်းများအား ငှားရမ်းကြေးများ ၃ လမှ ၆ လအထိ ကင်းလွတ်ခွင့် | ချက်ချင်း | စီမံ/ဘဏ္ဍာ/စက်မှု |
| ၂.၁.၅. အခွန်သက်သာခွင့် (ဘဏ္ဍာရေး အကျိုးခံစားခွင့်) | (က) လစာပေါ်တွင် ဝင်ငွေခွန် (non-refundable tax) ၁၀% သက်သာခွင့် ပေးခြင်း | တတ်နိုင်သမျှ မြန်မြန် | ပြည်တွင်းအခွန် |
| | (ခ) ပေးချေရသည့်လုပ်အားခ၏ ၁၂၅% နှင့်ညီမျှသော လျှော့ချမှုခွင့်ပြုခြင်း | တတ်နိုင်သမျှ မြန်မြန် | ပြည်တွင်းအခွန် |
| | (ဂ) ထပ်တိုးရင်းနှီးမြှုပ်နှံမှုအတွက် ဝင်ငွေခွန် (non-refundable tax) သက်သာခွင့် ၁၀% ပေးခြင်း | တတ်နိုင်သမျှ မြန်မြန် | ပြည်တွင်းအခွန် |



Scanned by CamScanner

| ဆောင်ရွက်ရန် စီမံချက်များ (Action Plans) | | အချိန်ကာလ သတ်မှတ်ချက် | တာဝန်ယူရမည့် အဖွဲ့အစည်း |
|---|---|---|---|
| | (ဃ) လက်ရှိနှစ်အတွက် တန်ဖိုးလျော့မှု၏ ၁၂၅% နှင့်ညီမျှသော တန်ဖိုးလျော့မှုကို တစ်ကြိမ်ခွင့်ပြုခြင်း | တတ်နိုင်သမျှ မြန်မြန် | ပြည်တွင်းအခွန် |
| ၂.၁.၆. ဈေးကွက်များကို ပြန်ဆယ်ရမည့် အစီအစဉ် ပြန်လည်ရေးဆွဲပေးခြင်း | (က) အတိုးအရင်း ပုံမှန်ဆပ်နေသော MSMEs များကို လက်ရှိထုတ်ချေးထားသည့် ချေးငွေများအား ပြန်ဆပ်ရမည့်အစီအစဉ်သတ်မှတ်ခြင်းကို ဘဏ်များမှ ဆောင်ရွက်ခွင့်ပြုနိုင်ရန် | ချက်ချင်း | ဗဟိုဘဏ် |
| ၂.၁.၇. လယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းငယ်များ၊ မျိုးစေ့ရောင်းချသူများအား ထောက်ပံ့ပေးရန် | (က) COVID-19 Communication Campaign အတွက် ထောက်ပံ့ခြင်း | ချက်ချင်း | MoALI |
| | (ခ) ဝင်ငွေဆုံးရှုံးသွားသည့် လယ်သမားများအား မုတ်သုန်ရာသီချိန်စိုက်ပျိုးနိုင်ရေး ငွေကြေးထောက်ပံ့ပေးခြင်းသို့မဟုတ် ချေးငှားခြင်း | ၂၀၂၀ နှစ်မကုန်မီ | MoALI/MADB |
| | (ဂ) ထုတ်လုပ်နိုင်စွမ်းနှင့် ဈေးကွက်ရှာဖွေမှု တိုးမြှင့်ရန်အတွက် အကြံဉာဏ်ပေးခြင်း | ၂၀၂၀ နှစ်မကုန်မီ | MoALI |
| | (ဃ) စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရာတွင် လိုက်နာရမည့် ကန့်သတ်ချက်များ ဖယ်ရှားခြင်းနှင့် ငွေကြေးထောက်ပံ့မှုအစီအစဉ်များထူထောင်ခြင်း | ၂၀၂၀ နှစ်မကုန်မီ | MoALI |
| **၂.၂. ဘဏ်လုပ်ငန်းဆောင်တာများကို လွယ်ကူချောမွေ့စေခြင်း** | | | |
| ၂.၂.၁. မူဝါဒများကို ပျော့လွယ်ပြောင်းလွယ်ထားရှိခြင်း | (က) ရင်းနှီးငွေလိုအပ်ချက်၊ အများအပြားဆောင်ရွက်ရမှုနှင့် NPLs များနှင့်ပတ်သက်၍ ၃ နှစ်အထိ ခွင့်ပြုပေးခြင်း | တတ်နိုင်သမျှ မြန်မြန် | ဗဟိုဘဏ် |
| ၂.၂.၂. ဘဏ်များ၏ NPLs သက်ရောက်မှုများကို ဖြေလျှော့ပေးခြင်း | (က) ပိုင်ဆိုင်မှုပစ္စည်း စီမံခန့်ခွဲမှု ကုမ္ပဏီတည်ထောင်ခြင်း | တတ်နိုင်သမျှ မြန်မြန် | စီမံ/ဘဏ္ဍာ/စက်မှု ဗဟိုဘဏ် |
| **၂.၃. ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ခြင်း** | | | |
| ၂.၃.၁. ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးသည့် လုပ်ငန်းစဉ်ကို အရှိန်မြှင့်ခြင်း | (က) နောင်လာမည့်ရှိ နိုင်ငံတကာကုမ္ပဏီများက အဆိုပြုထားသော ရင်းနှီးမြှုပ်နှံမှုများကို အမြန်ဆုံးလုပ်ငန်း အစီအစဉ်ဖြင့် ဖော်ထုတ်အတည်ပြုခြင်း | ချက်ချင်း | ရင်းနှီး/စီးပွား စီမံ/ဘဏ္ဍာ/စက်မှု |
| ၂.၃.၁. PPP တိုးတက်လာစေရေး လုပ်ငန်းစဉ်များကို အရှိန်မြှင့်ခြင်း | (က) ကုန်ကျစရိတ်များစစ်ဆေးပြီးပါက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုနိုင်ရေး အရှိန်မြှင့် ဆောင်ရွက်ခြင်း | ၂၀၂၀ နှစ်မကုန်မီ | MoPFI, MoEE, MoCON |
| | (ခ) မဟာဗျူဟာမြောက် အခြေခံအဆောက်အဦများ တည်ဆောက်အသုံးပြုနိုင်ရေး အရှိန်မြှင့် ဆောင်ရွက်ခြင်း | ၂၀၂၀ နှစ်မကုန်မီ | MoPFI, MoEE, MoCON |
| ၂.၃.၂. ရိုးရိုးရှင်းရှင်း လုပ်ငန်းစဉ်များဖြင့် ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်ခြင်း | (က) ရိုးရိုးရှင်းရှင်း လုပ်ငန်းစဉ်များဖြင့် COVID-19 နှင့် သက်ဆိုင်သော ဝယ်ယူဖြည့်တင်းရေး၊ ထုတ်လုပ်ရေး လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်း | ၂၀၂၀ နှစ်မကုန်မီ | MoPFI |



Scanned by CamScanner

| ဆောင်ရွက်ရန် စီမံချက်များ (Action Plans) | | အချိန်ကာလ သတ်မှတ်ချက် | တာဝန်ယူရမည့် အဖွဲ့အစည်း |
| --- | --- | --- | --- |
| ၂.၃.၃. အများပြည်သူဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးခြင်း (အစိုးရအသုံးစရိတ် တိုးမြှင့်ခြင်း) | (က) လက်ရှိအများပြည်သူဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည်သုံးသပ်ခြင်း (၁) အသင့်ဖြစ်နေသော စီမံကိန်းများကို ဦးစားပေးခြင်း (၂) စနစ်တကျရှိသော စီမံကိန်းများ (၃) ရင်းမြစ်များကို အသုံးပြုနိုင်သော စီမံကိန်းများ | ချက်ချင်း | ရသုံးဦးစီး စီမံကိန်းဦးစီး |
| | (ခ) ကျန်းမာရေးစောင့်ရှောက်မှု အခြေခံအဆောက်အအုံ အဓိကစီးပွားရေး အဆောက်အဦနှင့် Project Bank တွင် ပါဝင်သော အခြား မဟာဗျူဟာကျစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးခြင်း | ချက်ချင်း | ရသုံးဦးစီး စီမံကိန်းဦးစီး |
| **၂.၄. နိုင်ငံတကာကုန်သွယ်ရေးမြှင့်တင်ခြင်း** | | | |
| ၂.၄.၁. ကုန်သွယ်ရေးတွင် ငွေကြေးမြှုပ်နှံခြင်း | (က) ကုန်သွယ်မှုမြှင့်တင်ရန် ကူးသန်းရောင်းဝယ်ရေး ဘဏ်အချို့ကို ငွေကြေးထောက်ပံ့ရန် မြန်မာကျပ်ငွေ ၁၀၀ ဘီလီယံထူထောင်ခြင်း | ၂၀၂၀ နှစ်မကုန်မီ | MoPFI CBM |
| ၂.၄.၂. သွင်းကုန်လုပ်ငန်းစဉ်များ ချောမွေ့စေခြင်း | (က) COVID-19 ကာကွယ်၊ ကုသ၊ ထိန်းချုပ်ခြင်းနှင့် ဆက်စပ်သည့် ဆေးဘက်ပစ္စည်းများတင်သွင်းမှုလုပ်ငန်းစဉ်ကို လွယ်ကူချောမွေ့စေခြင်း | ချက်ချင်း | MoCOM အကောက်ခွန် ဦးစီး |
| | (ခ) အခြားတစ်နိုင်ငံတွင် FDA အသိအမှတ်ပြုထားသော ကုန်ပစ္စည်းများအတွက် သွင်းကုန်လိုင်စင်နှင့် FDA သတ်မှတ်ချက်များ လျှော့ပေါ့ပေးခြင်း | ချက်ချင်း | MoCOM, MoHS |
| ၂.၄.၃. ပို့ကုန်လုပ်ငန်းစဉ်များ ချောမွေ့စေခြင်း | (က) ပို့ကုန်လျှောက်လွှာများ၊ လိုင်စင်များနှင့် ခွင့်ပြုချက်ထုတ်ပေးခြင်းများကို ပြန်လည်သုံးသပ်ပြီး ဈေးကွက်ဝင်ရောက်မှုအတွက် အတားအဆီးဖြစ်သည့် သို့မဟုတ် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် မလိုအပ်သည့် အချက်များကို ဖယ်ရှားခြင်း | ချက်ချင်း | MoCOM |
| | (ခ) ယခုစိုက်ပျိုးရာသီတွင် လယ်သမားများ ဆက်လက်စိုက်ပျိုးနိုင်ရေးဆွဲဆောင်နိုင်ရန် ဆန်စပါး ပြည်ပတင်ပို့မှု လွယ်ကူချောမွေ့စေခြင်း | ချက်ချင်း | MoCOM |
| **ပန်းတိုင် ၃ - အလုပ်သမားများအပေါ် သက်ရောက်မှုကို လျှော့ပါးစေခြင်း** | | | |
| **၃.၁. အလုပ်သမားများအပေါ် သက်ရောက်မှုကို လျှော့ပါးစေခြင်း** | | | |
| ၃.၁.၁. အလုပ်သမား အကျိုးခံစားခွင့်များ သက်တမ်း တိုးပေးခြင်း | (က) လူမှုဖူလုံရေးအကျုံးဝင်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအကျိုးခံစားခွင့်ကို အလုပ်လက်မဲ့ဖြစ်သည့် နေ့မှစ၍ ခြောက်လမှ ၁ နှစ်အထိ တိုးမြှင့်ပေးခြင်း | ဆောင်ရွက်ပြီး | MoLIP |
| | (ခ) ဆေးကုသမှုနှင့် ခရီးသွားလာမှုအကျိုးခံစားခွင့်များကို အလုပ်လက်မဲ့ဖြစ်သည့် နေ့မှစ၍ ခြောက်လမှ ၁ နှစ်အထိ တိုးမြှင့်ပေးခြင်း | ဆောင်ရွက်ပြီး | MoLIP |
| ၃.၁.၂. လုပ်သား အခြေပြု အခြေခံ အဆောက်အအုံ | (က) အလုပ်ပြုတ်သွားသော သို့မဟုတ် ပြည်ပြန်ရွှေ့ပြောင်းသူများအတွက် လုပ်သားအခြေပြု အခြေခံအဆောက်အအုံစီမံကိန်းများ အကောင်အထည်ဖော်ခြင်း | ၂၀၂၀ နှစ်မကုန်မီ | MoPFI |



Scanned by CamScanner

| ဆောင်ရွက်ရန် စီမံချက်များ (Action Plans) | | အချိန်ကာလ သတ်မှတ်ချက် | တာဝန်ယူရမည့် အဖွဲ့အစည်း |
|---|---|---|---|
| စီမံကိန်းများ အကောင်အထည် ဖော်ခြင်း | | | |
| **ပန်းတိုင် ၄ - အိမ်ထောင်စုများအပေါ် သက်ရောက်မှု လျှော့ပါးစေခြင်း** | | | |
| **၄.၁. အိမ်ထောင်စုများအပေါ် သက်ရောက်မှု လျှော့ပါးစေခြင်း** | | | |
| ၄.၁.၁. လျှပ်စစ်ဓါတ်အားခများ ကင်းလွတ်ခွင့် | (က) အိမ်ထောင်စုအားလုံးအတွက် လျှပ်စစ်ဓါတ်အားခကို တစ်လလျှင် ယူနစ် ၁၅၀ အထိ ကင်းလွတ်ခွင့်ပြုခြင်း (သံရုံးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမပါ) | ဆောင်ရွက်ပြီး | MoEE |
| ၄.၁.၂. ထူးခြားသော ငွေကြေး ထောက်ပံ့မှုနှင့် ငွေကြေးမဟုတ်သော ထောက်ပံ့မှု | (က) ထိခိုက်ခံရသော အိမ်ထောင်စုများအတွက် စားသောက်ကုန်များ ထောက်ပံ့ခြင်း | ဆောင်ရွက်ပြီး | GAD |
| | (ခ) လူထုအခြေပြုအသင်းနှင့် အဖွဲ့အစည်းများမှ တဆင့် အရေးပေါ်ရိက္ခာများ ထောက်ပံ့ခြင်း | ဆောင်ရွက်ပြီး | MoCOM |
| | (ဂ) MCCT နှင့် လူမှုရေးပင်စင်ထောက်ပံ့ကြေးများအား (နှစ်လမှသုံးလအထိ) အကျိုးခံစားခွင့်ပေးခြင်းနှင့် လူမှုရေး ပင်စင်အတွက် အသက်ကန့်သတ်ချက် လျှော့ပေါ့ပေးခြင်း | ချက်ချင်း | MoSWRR |
| | (ဃ) IDP အပါအဝင် ထိခိုက်လွယ်ဆုံးသေသများရှိ ထိခိုက်လွယ်ဆုံးအိမ်ထောင်စုများနှင့် ထိခိုက်ခံ အိမ်ထောင်စုများအတွက် (သင့်လျော်သောပမာဏ တစ်ရပ်ဖြင့်) (မိုဘိုင်း ပေးချေမှုစာရင်းမှတဆင့်) ငွေကြေးထောက်ပံ့ခြင်း | ၂၀၂၀ နှစ်မကုန်မီ | MoPFI, GAD |
| ၄.၁.၃. အိမ်ထောင်စုများ၏ ပေးရန်တာဝန်များ ကိုလျှော့ပါးစေခြင်း | (က) COVID-19 ကြောင့် အဆုံးရှုံးဆုံးဒဏ်ခံရသော အိမ်ထောင်စုများအတွက် အတိုးနှင့် အပေါင်စာချုပ်များ တွင် ပိုမိုပျော့လွယ်ပြောင်းလွယ်ဖြစ်ရန် ပုဂ္ဂလိက ဘဏ္ဍာ ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးခြင်း | ချက်ချင်း | ဗဟိုဘဏ် |
| **ပန်းတိုင် ၅ - ဆန်းသစ်ထုတ်ကုန်များနှင့် ပုံစံများကို တိုးမြှင့်မိတ်ဆက်ခြင်း** | | | |
| **၅.၁. ဆန်းသစ်ထုတ်ကုန်များကို တိုးမြှင့်မိတ်ဆက်ခြင်း** | | | |
| ၅.၁.၁. မိုဘိုင်းဖြင့် ငွေပေးချေမှုကို အသုံးပြုရန် ဆောင်ရွက်ခြင်း | (က) မိုဘိုင်းဖြင့် ငွေပေးချေမှုလုပ်ငန်းအားလုံး (KBZ Pay, CB Pay, Wave Money, M Pitsan, OK Dollar တို့အပါအဝင် အကန့်အသတ်မထားဘဲ) ကို အသုံးပြုရန် လှုံ့ဆော်ပေးခြင်း။ မြန်မာအစိုးရကိုယ်တိုင် ဖြစ်နိုင်သမျှ မိုဘိုင်းဖြင့်ငွေပေးချေမှု အသုံးပြုရန်။ | ချက်ချင်း | ဗဟိုဘဏ် |
| | (ခ) e-Commerce နှင့် Social-Commerce မှ ရောင်းချမှုများသည် ဘဏ်မှလွှဲပေးမှု သို့မဟုတ် မိုဘိုင်းမှ ပေးချေမှုများ သို့မဟုတ် ကတ်မှပေးချေမှုများကို လက်ခံကြောင်း သေချာစေရန် | ၂၀၂၀ နှစ်မကုန်မီ | MoCOM |
| ၅.၁.၂. | (က) လက်လီရောင်းချသူများအား ၎င်းတို့၏ ကုန်ပစ္စည်းများအား ကြော်ငြာသည့် အင်တာနက်စာမျက်နှာများမှ | ချက်ချင်း | MoCOM |



Scanned by CamScanner

| ဆောင်ရွက်ရန် စီမံချက်များ (Action Plans) | | အချိန်ကာလ သတ်မှတ်ချက် | တာဝန်ယူရမည့် အဖွဲ့အစည်း |
|---|---|---|---|
| e-Commerce နှင့် Social-Commerce စနစ်များကို အသုံးပြုမှု တိုးမြှင့်ဆောင်ရွက်ရန် | တဆင့် e-Commerce နှင့် Social-Commerce အသုံးပြုရေးကို အားပေးဆောင်ရွက်ရန် | | |
| | (ခ) အွန်လိုင်းမှ ဖောက်သည်များထံ ပစ္စည်းလိုက်လံပေးပို့သည့်လုပ်ငန်းလုပ်ကိုင်သူများအား အားပေးဆောင်ရွက်ရန်။ | ချက်ချင်း | MoCOM |
| | (ဂ) လက်လီရောင်းချသူများက ၎င်းတို့၏ ကုန်ပစ္စည်းများကို ကြော်ငြာနိုင်သည့် ဗဟို e-Commerce website တစ်ခု ဖြစ်ပေါ်လာရေး ဆောင်ရွက်ရန်။ | ၂၀၂၀ နှစ်မကုန်မီ | MoCOM |
| | (ဃ) COVID-19 တိုက်ပွဲတွင် ဆန်းသစ်အိုက်ဒီယာများ ဖြစ်ပေါ်လာရေးအတွက် Myanmar's ICT/ e-commerce တို့အကြား ပြိုင်ပွဲအသွင်ဖြစ်ပေါ်လာရေး "Challenge Grant" အစပြုဆောင်ရွက်ရန် | ၂၀၂၀ နှစ်မကုန်မီ | MoCOM |
| **ပန်းတိုင် ၆ - ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို အားကောင်းလာစေခြင်း** | | | |
| **၆.၁. အစိုးရစရိတ်တိုးမြှင့်သုံးစွဲခြင်းနှင့် ဥပဒေပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို မြှင့်တင်ခြင်း** | | | |
| ၆.၁.၁. ကွာရန်တင်းစင်တာများနှင့် အထောက်အကူပြုများကို မြှင့်တင်ခြင်းနှင့် တိုးချဲ့ခြင်း | (က) အစိုးရဥပစာများကို တတ်နိုင်သမျှ အမြန်ဆုံး ကွာရင်တင်းစင်တာများနှင့် အထောက်အကူပြုများအဖြစ် ပြောင်းလဲရန် | ချက်ချင်း | MoHS, ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ |
| | (ခ) ကွာရင်တင်းစင်တာများနှင့် အထောက်အကူပြုများတွင် တာဝန်ထမ်းဆောင်ရန် ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ပိုမိုခန့်ထားရန် | ချက်ချင်း | MoHS, ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ |
| | (ဂ) ကွာရင်တင်းစင်တာများနှင့် အထောက်အကူပြုများတွင် ပုံမှန်ပိုးသတ်ရေး ဆောင်ရွက်ရန် | ချက်ချင်း | MoHS, ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ |
| | (ဃ) ကွာရင်တင်းစင်တာများနှင့် အထောက်အကူပြုများတွင် အသုံးအဆောင်များ၊ ဝန်ထမ်းများနှင့် ပစ္စည်းကိရိယာများ လုံလုံလောက်လောက်ရရှိစေရေး မြန်မြန်ဆောင်ရွက်ရန် | ချက်ချင်း | MoHS, ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ |
| ၆.၁.၂. အဓိကကျသော ဆေးဘက်ဆိုင်ရာ ပစ္စည်းများ တင်သွင်းခြင်း | (က) COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်သော ဆေးဘက်ဆိုင်ရာပစ္စည်းများ (mask များ၊ PPE, ဆေးဝါးများ၊ အသက်ရှူစက်များ၊ ICU သုံးပစ္စည်းများ၊ နှလုံးရောဂါကုစက်များ အပါအဝင်) အား ဝယ်ယူဖြည့်တင်းရေးလုပ်ငန်းစဉ် မကြာရှည်စေဘဲ ချက်ချင်းတင်သွင်းရန် | ချက်ချင်း | MoHS, ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ |
| ၆.၁.၃. ကာကွယ်ရေး အစီအမံများ | (က) လက်ဆေးရာနေရာများကို အဆင်ပြေမည့်နေရာများတွင် ဆောင်ရွက်ထားရန်။ | ချက်ချင်း | MoHS, MoE, MoSWRR ပြည်နယ်နှင့် |



Scanned by CamScanner

| ဆောင်ရွက်ရန် စီမံချက်များ (Action Plans) | | အချိန်ကာလ သတ်မှတ်ချက် | တာဝန်ယူရမည့် အဖွဲ့အစည်း |
|---|---|---|---|
| တိုးမြှင့်ဆောင်ရွက်ရန် | | | တိုင်းဒေသကြီး အစိုးရများ |
| | (ခ) ပိုးသတ်ဆေးဖြန်းသည့်အဖွဲ့များဖြင့် ပိုးသတ်ဆေးဖြန်းသည့်နေရာများ တိုးမြှင့်ဆောင်ရွက်ရန်။ | ချက်ချင်း | MoHS, ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ |
| | (ဂ) mask နှင့် ကာကွယ်ရေး သတင်းအချက်အလက်များ လူထုထံ ဖြန့်ဖြူးသည့်အဖွဲ့များ ဖွဲ့စည်းရန် | ချက်ချင်း | MoHS, ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ |
| | (ဃ) ရွှေ့လျားစစ်ဆေးနိုင်သည့်အဖွဲ့များ အမြန်ဆုံး ဖွဲ့စည်းရန် | တတ်နိုင်သမျှ မြန်မြန် | MoHS, ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ |
| | (င) စွန့်ပစ်ပစ္စည်းနှင့် စွန့်ပစ်ရေ ရေနုတ်မြောင်းစနစ် စီမံခန့်ခွဲမှုတို့ကို မြှင့်တင်ဆောင်ရွက်ရန် | ၂၀၂၀ နှစ်မကုန်မီ | ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ |
| ၆.၁.၄. ကျန်းမာရေး ကဏ္ဍရှိ လူ့စွမ်းအား အရင်းအမြစ် တိုးတက်ရေး | (က) ဆရာဝန်များ၊ နာ့စ်များ၊ ဆေးဘက်ဝန်ထမ်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်သားများနှင့် စေတနာ့ဝန်ထမ်းများ ခန့်အပ်ရန်နှင့် ကျွမ်းကျင်မှု မြှင့်တင်ပေးရန် (အရေးပေါ် ရေတိုရည်ရွယ်ချက်ဖြင့်) | ၂၀၂၀ နှစ်မကုန်မီ | MoHS |
| | (ခ) ကျန်းမာရေးလုပ်သားများကို ကာကွယ်ရေး ဝတ်စုံများ၊ အထောက်အပံ့များ လုံလုံလောက်လောက် ပေးခြင်း | ချက်ချင်း | MoHS |
| ၆.၁.၅. လက်ရှိ ကျန်းမာရေး အထောက်အကူပြု များကို အဆင့်မြှင့် တင်ခြင်း | (က) လက်ရှိ ဓါတ်ခွဲခန်းများကို အဆင့်မြှင့်တင်ခြင်း | ၂၀၂၀ နှစ်မကုန်မီ | MoHS |
| | (ခ) လက်ရှိဆေးရုံများနှင့် ကျန်းမာရေးစောင့်ရှောက်မှု စင်တာများကို အဆင့်မြှင့်တင်ခြင်း | ၂၀၂၀ နှစ်မကုန်မီ | MoHS |
| | (ဂ) လျှပ်စစ်ဓါတ်အားရရှိမှုနည်းပါးသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် COVID-19 ကူးစက်ခံရသော လူနာများကုသပေးနေသည့် ဆေးဘက်ဆိုင်ရာအထူး နေရာများအတွက် လျှပ်စစ်ဓါတ်အားလုံလောက်စွာ ရရှိရေး။ | ၂၀၂၀ နှစ်မကုန်မီ | MoHS |
| | (ဃ) စဉ်ဆက်မပြတ်အအေးပေးမှုလိုအပ်သော ထိုးဆေးများနှင့် အထူးဆေးဝါးများအတွက် အအေးထားရှိမှုစနစ် ရရှိခြင်း | ၂၀၂၀ နှစ်မကုန်မီ | MoHS |



Scanned by CamScanner

| ဆောင်ရွက်ရန် စီမံချက်များ (Action Plans) | | အချိန်ကာလ သတ်မှတ်ချက် | တာဝန်ယူရမည့် အဖွဲ့အစည်း |
|---|---|---|---|
| **ပန်းတိုင် ၇ - COVID-19 တုံ့ပြန်မှု ရန်ပုံငွေ သုံးစွဲနိုင်မှု မြှင့်တင်ခြင်း (အရေးပေါ်ရန်ပုံငွေအပါအဝင်)** | | | |
| **၇.၁. COVID-19 ရန်ပုံငွေနှင့် အရေးပုံရန်ပုံငွေ သုံးစွဲနိုင်မှု မြှင့်တင်ခြင်း** | | | |
| ၇.၁.၁ ဘတ်ဂျက် ခွဲဝေခြင်း | (က) COVID-19 ရန်ပုံငွေအတွက် အစိုးရအဖွဲ့အစည်းအားလုံးသို့ ၂၀၁၉-၂၀၂၀ ခွဲဝေချထားပေးသည့် ဘတ်ဂျက်မှ ၁၀% ကို ဖြတ်တောက်ရန်၊ | စတင်ပြီး | MoPFI |
| ၇.၁.၂. လိုက်လျောညီထွေဆောင်ရွက်နိုင်မည့် ဘတ်ဂျက်နှင့်တုံ့ပြန်မှု တိုးမြှင့်ရန် | (က) အရေးပေါ်ရန်ပုံငွေတိုးမြှင့်ရန်အတွက် လိုက်လျောညီထွေဆောင်ရွက်နိုင်မည့် ဘတ်ဂျက်နှင့်တုံ့ပြန်နိုင်မည့် ဘတ်ဂျက် ပိုမိုရေးဆွဲထားရှိရန်နှင့် ဘဏ္ဍာရေးစည်းမျဉ်းနှင့် အစီရင်ခံမှုတင်ပြမှုတို့ကို လိုက်လျောညီထွေ ဆောင်ရွက်ထားရှိရန် | စတင်ပြီး | MoPFI |
| | (ခ) ဘတ်ဂျက်ခွဲဝေမှုစည်းမျဉ်းများကို ပြုပြင်မွမ်းမံရန် | စတင်ပြီး | MoPFI |
| ၇.၁.၃. COVID-19 အတွက် ရန်ပုံငွေ သုံးစွဲနိုင်မှု မြှင့်တင်ခြင်း | (က) CERP အရေးယူတုံ့ပြန်မှုအစီအစဉ်များနှင့် မြန်မာနိုင်ငံ၏ COVID-19 တုံ့ပြန်မှု ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာစေရေးအတွက် ပြည်ပအကူအညီရငွေနှင့် ချေးငွေများ အလေးအနက်ရရှိနိုင်ရေး ဆောင်ရွက်ရန်၊ | စတင်ပြီး | MoPFI |



Scanned by CamScanner

## အကောင်အထည်ဖော်မှုကို စောင့်ကြည့်ခြင်း

ရန်ပုံငွေများအသုံးပြုခြင်းကို စောင့်ကြည့်ရေးမှာ အရေးကြီးသောကိစ္စရပ်ဖြစ်ပြီး အကူအညီပေးလုပ်ငန်းများကို အကောင်အထည်ဖော်ရန်အတွက်သာမက အထူးသဖြင့် ကိုဗစ်ကာလလွန်တွင် အစိုးရ၏ ကြွေးမြီတင်ရှိမှု သက်သာစေရန်အတွက်လည်း ရည်ရွယ်ပါသည်။

ထို့ကြောင့် ယခု CCRP တွင် ပါဝင်သော Goals and Action Plans များသည် ဆီလျော်လုံလောက်သော စောင့်ကြည့်မှုနှင့်အတူ ညှိနှိုင်းဆောင်ရွက်သည့်ပုံစံဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။ သတင်းအချက်အလက် စီးဆင်းမှုသည် စနစ်တကျနှင့် အချိန်နှင့်တပြေးညီဖြစ်ပြီး ယုတ္တိတန်ရှင်းလင်းရမည်ဖြစ်သည်။

## စောင့်ကြည့်စိစစ်မည့် အခြေပြဇယား

| Action Plans | တာဝန်ရှိ အဖွဲ့အစည်း | အညွှန်းကိန်းများ |
|---|---|---|
| **ပန်းတိုင် ၁ - အသေးစားစီးပွားရေးလုပ်ငန်းကို ငွေကြေးသက်သာခွင့်များဖြင့် မြှင့်တင်ခြင်း** | | |
| **၁.၁. ငွေကြေးသက်သာခွင့်များ ပံ့ပိုးပေးခြင်း** | | |
| ၁.၁.၁. (က) | ဗဟိုဘဏ် | ၁.၅% အတိုးနှုန်းဖြင့် ဘဏ်အပ်ငွေနှင့် ချေးငွေပေးခြင်း |
| ၁.၁.၁. (ခ) | ဗဟိုဘဏ် | ဘဏ်များက risk ယူရမှုပေါ်မူတည်၍ အပ်ငွေနှင့် ချေးငွေ နှုန်းထားများကို သတ်မှတ်ပေးခြင်း |
| ၁.၁.၂. (က) | ဗဟိုဘဏ် | ဘဏ်များတွင် အရေးပေါ်ရန်ပုံငွေအနည်းဆုံး - 150 bps ထားရှိခြင်း |
| ၁.၁.၃. (က) | ဗဟိုဘဏ် | အနည်းဆုံး မြန်မာကျပ်ငွေ ၁၀ ဘီလီယံ credit auctions များ ဆောင်ရွက်ခြင်း |
| ၁.၁.၄. (က) | စီမံ/ဘဏ္ဍာ/စက်မှု ဗဟိုဘဏ် | ဗဟိုဘဏ်၏ မြင့်တက်လာသော ဘဏ္ဍာရေးလိုငွေပြမှု |
| ၁.၁.၅. (က) | စီမံ/ဘဏ္ဍာ/စက်မှု ဗဟိုဘဏ် | အစိုးရငွေတိုက်လက်မှတ်များ/ စာချုပ်များကို ယာယီ အခြေအနေအရ လေလံစနစ်ဖြင့် ရောင်းချမှု လျှော့ချခြင်း |
| **ပန်းတိုင် ၂ - ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍများအား တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍအပေါ်သက်ရောက်မှုများကို ဖြေလျှော့ပေးခြင်း** | | |
| **၂.၁. ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှု ဖြေလျှော့ပေးခြင်း** | | |
| ၂.၁.၁. (က) | ရသုံးခန့်မှန်းခြေနှင့် လုပ်ငန်းအဖွဲ့ | နှစ်မကုန်မီ ထိခိုက်သွားသော MSMEs များကို မြန်မာကျပ်ငွေ ၁၀၀ ဘီလီယံ ထုတ်ချေးခြင်း |
| ၂.၁.၁. (ခ) | ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန | MFIs များသို့ တတ်နိုင်သမျှမြန်မြန် ထုတ်ချေးခြင်း |
| ၂.၁.၁. (ဂ) | ရသုံးဦးစီးဌာန ရုံးအဖွဲ့ | နှစ်မကုန်မီ အနည်းဆုံး မြန်မာကျပ်ငွေ ၂၀၀ ဘီလီယံ တိုးမြှင့်ထားရှိခြင်း |
| ၂.၁.၁. (ဃ) | စီမံ/ဘဏ္ဍာ/စက်မှု | နှစ်မကုန်မီ ဘဏ်နှစ်ခုအား ဖြစ်နိုင်သမျှပေါင်းစည်းခြင်း |
| ၂.၁.၂. (က) | စီမံ/ဘဏ္ဍာ/စက်မှု | ကုန်သွယ်လုပ်ငန်းခွန် လျှော့ပေါ့ပေးခြင်း |
| ၂.၁.၂. (ခ) | စီမံ/ဘဏ္ဍာ/စက်မှု | စီးပွားရေးလုပ်ငန်းများသို့ ချေးငွေအာမခံပေးခြင်း |
| ၂.၁.၃. (က) | ပြည်တွင်းအခွန် | ကုန်သွယ်လုပ်ငန်းခွန် ရွှေ့ဆိုင်းပေးခြင်း |



Scanned by CamScanner

| Action Plans | တာဝန်ရှိ အဖွဲ့အစည်း | အညွှန်းကိန်းများ |
|---|---|---|
| ၂.၁.၃. (ခ) | ပြည်တွင်းအခွန် | ကုန်သွယ်ခွန်ကို နှစ်ကုန်အထိ ရွှေ့ဆိုင်းပေးခြင်း |
| ၂.၁.၃. (ဂ) | ပြည်တွင်းအခွန် | ပို့ကုန်များအပေါ်တွင် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် အခွန် နှစ်ကုန်အထိ လျှော့ပေါ့ပေးခြင်း |
| ၂.၁.၃. (ဃ) | MoHT | နှစ်စဉ်ကြေးများကို နှစ်ကုန်အထိ လျှော့ပေါ့ပေးခြင်း |
| ၂.၁.၃. (င) | MoLIP | SSB ထည့်ဝင်ကြေးများကို ၃ လခန့် ရွှေ့ဆိုင်းပေးခြင်း |
| ၂.၁.၃. (စ) | ပြည်တွင်းအခွန် | အရေးကြီးဆေးဘက်ဆိုင်ရာပစ္စည်းများအတွက် အထူးကုန်စည်ခွန်ကို နှစ်ကုန်အထိ လျှော့ပေါ့ပေးခြင်း |
| ၂.၁.၃. (ဆ) | အကောက်ခွန် ဦးစီးဌာန | အရေးကြီးသည့် ဆေးဘက်ဆိုင်ရာပစ္စည်းများအား နှစ်ကုန်အထိ အကောက်ခွန်နှင့် ကုန်သွယ်ခွန်များကို လျှော့ပေါ့ပေးခြင်း |
| ၂.၁.၃. (ဇ) | MoCON | အဓိကလမ်းမကြီး (၃) လမ်းပေါ်ရှိ Toll Gate များမှ လမ်းကြေး ကောက်ခံမှု နှစ်ကုန်အထိ လျှော့ပေါ့ပေးခြင်း |
| ၂.၁.၄. (က) | စီမံ/ဘဏ္ဍာ/စက်မှု | ငှားရမ်းကြေးများ အနည်းဆုံး ၃ လအထိ ကင်းလွတ်ခွင့် ပြုခြင်း |
| ၂.၁.၅. (က) | ပြည်တွင်းအခွန် | ကုမ္ပဏီ အနည်းဆုံး ၁၀၀ အား ၎င်းတို့နှစ်ကုန်စာရင်းစစ်အစီရင်ခံစာ ပေါ်မူတည်၍ လစာပေါ်တွင် non-refundable tax ၁၀% သက်သာခွင့်ပေးခြင်း |
| ၂.၁.၅. (ခ) | ပြည်တွင်းအခွန် | နှစ်ကုန်စာရင်းစစ်အစီရင်ခံစာပေါ်မူတည်၍ တန်ဖိုးလျှော့ခွင့်ပြုခြင်း |
| ၂.၁.၅. (ဂ) | ပြည်တွင်းအခွန် | ကုမ္ပဏီ အနည်းဆုံး ၁၀၀ အား ၎င်းတို့နှစ်ကုန်စာရင်းစစ်အစီရင်ခံစာ ပေါ်မူတည်၍ ထပ်တိုးရင်းနှီးမြှုပ်နှံမှုအပေါ်တွင် non-refundable tax ၁၀% သက်သာခွင့်ပေးခြင်း |
| ၂.၁.၅. (ဃ) | ပြည်တွင်းအခွန် | ကုမ္ပဏီ အနည်းဆုံး ၁၀၀ အား ၎င်းတို့နှစ်ကုန်စာရင်းစစ်အစီရင်ခံစာ ပေါ်မူတည်၍ ခွင့်ပြုထားသော ၁၂၅% နှင့်ညီမျှသော တန်ဖိုးလျှော့ခြင်း |
| ၂.၁.၆. (က) | ဗဟိုဘဏ် | MSMEs များသို့ လက်ရှိထုတ်ချေးထားသည့် ချေးငွေများအား ပြန်ဆပ်ရမည့် အစီအစဉ်သတ်မှတ်ခြင်းကို ဘဏ်များမှ ဆောင်ရွက် ခွင့်ပြုခြင်း |
| ၂.၁.၇. (က) | MoALI | Communication Support စတင်ဆောင်ရွက်ခြင်း |
| ၂.၁.၇. (ခ) | MoALI/MADB | နှစ်မကုန်မီ အနည်းဆုံး မြန်မာကျပ်ငွေ ၅၀ ဘီလီယံအထိ ငွေကြေးထောက်ပံ့ပေးခြင်း သို့မဟုတ် ချေးငှားခြင်း |
| ၂.၁.၇. (ဂ) | MoALI | အကြံဉာဏ်ပေးလုပ်ငန်းစတင်ဆောင်ရွက်ခြင်း |
| ၂.၁.၇. (ဃ) | MoALI | နှစ်မကုန်မီ ဖြစ်နိုင်သမျှလုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့ခြင်း |
| **၂.၂. ဘဏ်လုပ်ငန်းဆောင်တာများကို လွယ်ကူချောမွေ့စေခြင်း** | | |
| ၂.၂.၁. (က) | ဗဟိုဘဏ် | ညွှန်ကြားချက်များကို မြန်မြန်ထုတ်ပြန်ခြင်း |



Scanned by CamScanner

| Action Plans | တာဝန်ရှိ အဖွဲ့အစည်း | အစီအစဉ်များ |
|---|---|---|
| ၂.၂.၂. (က) | စီမံ/ဘဏ္ဍာ/စက်မှု<br>ဇဟိုဘဏ် | ပိုင်ဆိုင်မှုပစ္စည်းစီမံခန့်ခွဲမှု ကော်မတီ စည်းမျဉ်းများ မြန်မြန်ထုတ်ပြန်ခြင်း<br>ပိုင်ဆိုင်မှုပစ္စည်း စီမံခန့်ခွဲမှု ကော်မတီတည်ထောင်ခြင်း |
| **၂.၃. ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ခြင်း** | | |
| ၂.၃.၁. (က) | ရင်းနှီး/စီးပွား,စီမံ/ဘဏ္ဍာ/စက်မှု | ရင်းနှီးမြှုပ်နှံမှုစပ်ကြီးကြီး အနည်းဆုံး ၅ ခုကို အတည်ပြုခြင်း |
| ၂.၃.၁. (က) | MoPFI, MoEE,<br>MoCON | နှစ်မကုန်မီ အနည်းဆုံး စီမံကိန်း ၅ ခုအတွက် ဝယ်ယူပြည့်တင်းရေး လုပ်ငန်းစဉ်ဆောင်ရွက်ခြင်း |
| ၂.၃.၁. (ခ) | MoPFI, MoEE,<br>MoCON | နှစ်မကုန်မီ အနည်းဆုံး စီမံကိန်း ၅ ခုအတွက် ဝယ်ယူပြည့်တင်းရေး လုပ်ငန်းစဉ်ဆောင်ရွက်ခြင်း |
| ၂.၃.၂. (က) | MoPFI | နှစ်မကုန်မီ ဆေးဘက်ဆိုင်ရာပစ္စည်းများထုတ်လုပ်ရန် ရင်းနှီးမြှုပ်နှံသူများ ခွင့်ပြုပေးခြင်း |
| ၂.၃.၃. (က) | ရသုံးဦးစီး/ စီမံကိန်းဦးစီး | ဦးစားပေးမှု အစီရင်ခံစာ တင်သွင်းခြင်း |
| ၂.၃.၃. (ခ) | ရသုံးဦးစီး/ စီမံကိန်းဦးစီး | ဦးစားပေးမှု အစီရင်ခံစာ တင်သွင်းခြင်း |
| **၂.၄. နိုင်ငံတကာကုန်သွယ်ရေးမြှင့်တင်ခြင်း** | | |
| ၂.၄.၁. (က) | MoPFI<br>CBM | နှစ်မကုန်မီ ဖြစ်နိုင်သမျှ ကုန်သွယ်မှု ထောက်ပံ့ငွေရရှိခြင်း |
| ၂.၄.၂. (က) | MoCOM<br>အကောက်ခွန်ဦးစီး | မြန်ဆန်သော တင်သွင်းမှုလုပ်ငန်းစဉ်ဖြစ်ရန် SOP အသစ်များ ရေးဆွဲခြင်း |
| ၂.၄.၂. (ခ) | MoCOM, MoHS | သွင်းကုန်လိုင်စင်နှင့် FDA သတ်မှတ်ချက်များ လျှော့ပေါ့သည့် ညွှန်ကြားချက်များထုတ်ပြန်ခြင်း |
| ၂.၄.၃. (က) | MoCOM | မြန်ဆန်သော တင်ပို့သည့်လုပ်ငန်းစဉ်ဖြစ်ရန် SOP အသစ်များ ရေးဆွဲခြင်း |
| ၂.၄.၃. (ခ) | MoCOM | ဆန်စပါးကို တင်ပို့မှု တိုးမြှင့်ခြင်း |
| **ပန်းတိုင် ၃ - အလုပ်သမားများအပေါ် သက်ရောက်မှုကို လျှော့ပါးစေခြင်း** | | |
| **၃.၁. အလုပ်သမားများအပေါ် သက်ရောက်မှုကို လျှော့ပါးစေခြင်း** | | |
| ၃.၁.၁. (က) | MoLIP | အလုပ်လက်မဲ့ လူမှုဖူလုံရေးအကျိုးဝင်သူများအတွက် ကျန်းမာရေး ေစာင့်ရှောက်မှုအကျိုးခံစားခွင့် တိုးမြှင့်ပေးခြင်း |
| ၃.၁.၁. (ခ) | MoLIP | ဆေးကုသမှုနှင့် ခရီးသွားလာမှုအကျိုးခံစားခွင့်များ တိုးမြှင့်ပေးခြင်း |
| ၃.၁.၂. (က) | MoPFI | နှစ်မကုန်မီ လုပ်သားအခြေပြု အခြေခံအဆောက်အအုံစီမံကိန်း ဆောက်လုပ်ခြင်း |
| **ပန်းတိုင် ၄ - အိမ်ထောင်စုများအပေါ် သက်ရောက်မှု လျှော့ပါးစေခြင်း** | | |
| **၄.၁. အိမ်ထောင်စုများအပေါ် သက်ရောက်မှု လျှော့ပါးစေခြင်း** | | |
| ၄.၁.၁. (က) | MoEE | လျှပ်စစ်ဓါတ်အားခ ကင်းလွတ်ခွင့်ပြုခြင်း |
| ၄.၁.၂. (က) | GAD | ထိခိုက်ခံရသော အိမ်ထောင်စုများအတွက် စားသောက်ကုန်များ ထောက်ပံ့ခြင်း |
| ၄.၁.၂. (ခ) | MoCOM | အရေးပေါ်ရိက္ခာများ ထောက်ပံ့မှုလုပ်ငန်းစတင်ခြင်း |
| ၄.၁.၂. (ဂ) | MoSWRR | MCCT အကျိုးခံစားခွင့်ပေးခြင်း |



Scanned by CamScanner

| Action Plans | တာဝန်ရှိ အဖွဲ့အစည်း | အညွှန်းကိန်းများ |
|---|---|---|
| ၄.၁.၂. (ဃ) | MoPFI, GAD | နှစ်မကုန်မီ ထိခိုက်လွယ်ဆုံးနှင့် ထိခိုက်ခံ အိမ်ထောင်စုများအား ငွေကြေးထောက်ပံ့ခြင်း |
| ၄.၁.၃. (က) | ဗဟိုဘဏ် | ညွှန်ကြားချက်ထုတ်ပြန်ခြင်း |
| **ပန်းတိုင် ၅ - ဆန်းသစ်ထုတ်ကုန်များနှင့် ပုံစံများကို တိုးမြှင့်မိတ်ဆက်ခြင်း** | | |
| **၅.၁. ဆန်းသစ်ထုတ်ကုန်များကို တိုးမြှင့်မိတ်ဆက်ခြင်း** | | |
| ၅.၁.၁. (က) | ဗဟိုဘဏ် | နှစ်မကုန်မီ ကုန်သည်ကြီးများမှ စားသုံးသူများအား မိုဘိုင်းဖြင့် ငွေပေးချေမှု ဆောင်ရွက်စေခြင်း |
| ၅.၁.၁. (ခ) | MoCOM | နှစ်မကုန်မီ လက်ရှိ e-Commerce နှင့် Social-Commerce မှ ရောင်းချမှုများ၏ ၃၀% ကို electronic money ဖြင့် လက်ခံခြင်း |
| ၅.၁.၂. (က) | MoCOM | နှစ်မကုန်မီ လက်လီရောင်းချသူ ခပ်ကြီးကြီး ၅ ခုမှ ၁၀ ခုအား အွန်လိုင်းဖြင့်ရောင်းချ၍ e-Commerce နှင့် Social-Commerce အသုံးပြုရေး စီစဉ်ခြင်း |
| ၅.၁.၂. (ခ) | MoCOM | နှစ်မကုန်မီ ပစ္စည်းလိုက်လံဖြန့်ဖြူးသည့် လုပ်ငန်း အနည်းဆုံး ၅ ခုခန့် လုပ်ငန်းလည်ပတ်ခြင်း |
| ၅.၁.၂. (ဂ) | MoCOM | နှစ်မကုန်မီ ဗဟို e-Commerce website တစ်ခု ဖြစ်ပေါ်လာရေး ဆောင်ရွက်ခြင်း |
| ၅.၁.၂. (ဃ) | MoCOM | Challenge Grant မှ apps ၅ ခု တီထွင်သူများအား ဆုချီးမြှင့်ပြီး အဆိုပါ apps များကို အသုံးပြုရေး ဆောင်ရွက်ခြင်း |
| **ပန်းတိုင် ၆ - ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို အားကောင်းလာစေခြင်း** | | |
| **၆.၁. အစိုးရစရိတ်တိုးမြှင့်သုံးစွဲခြင်းနှင့် ဥပဒေပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို မြှင့်တင်ခြင်း** | | |
| ၆.၁.၁. (က) | MoHS/ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ | အစိုးရဥပဒေများအား ကွာရင်တင်းစင်တာများအဖြစ် နှစ်မကုန်မီ ပြောင်းလဲခြင်း |
| ၆.၁.၁. (ခ) | MoHS/ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ | ဆေးဘက်ဆိုင်ရာဝန်ထမ်းများအား နှစ်မကုန်မီခန့်ထားခြင်း |
| ၆.၁.၁. (ဂ) | MoHS/ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ | ကွာရင်တင်းစင်တာများအား ပုံမှန် ပိုးသတ်ရေးဆောင်ရွက်ခြင်း |
| ၆.၁.၁. (ဃ) | MoHS/ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ | ကွာရင်တင်းစင်တာများတွင် အသုံးအဆောင်များ၊ ဝန်ထမ်းများနှင့် ပစ္စည်းကိရိယာများ လုံလုံလောက်လောက် ရရှိရေး ထောက်ပံ့ခြင်း |
| ၆.၁.၂. (က) | MoHS/ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ | နှစ်မကုန်မီ ဖြစ်နိုင်သမျှ တင်သွင်းခြင်း |
| ၆.၁.၃. (က) | MoHS/ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ | နှစ်မကုန်မီ လက်ဆေးရာနေရာများကို ကားဂိတ်၊ ရထားဂိတ်နှင့် အများပြည်သူဆိုင်ရာနေရာများတွင် ထားရှိခြင်း |
| ၆.၁.၃. (ခ) | MoHS/ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ | နှစ်မကုန်မီ ပိုးသတ်ဆေးဖြန်းသည့် အဖွဲ့များ ဖွဲ့စည်း၍ ပိုးသတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း |



Scanned by CamScanner

| Action Plans | တာဝန်ရှိ အဖွဲ့အစည်း | အညွှန်းကိန်းများ |
|---|---|---|
| ၆.၁.၃. (ဂ) | MoHS/ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ | နှစ်မကုန်မီ mask ဖြန့်ဖြူးသည့်အဖွဲ့ ဖွဲ့စည်း၍ ပြည်သူများအား mask များ ဖြန့်ဖြူးခြင်း |
| ၆.၁.၃. (ဃ) | MoHS/ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ | နှစ်မကုန်မီ ရွေ့လျားစစ်ဆေးနိုင်သည့်အဖွဲ့များ ဖွဲ့စည်း၍ ပြည်သူများအား စမ်းသပ်နိုင်ရေး ဆောင်ရွက်ခြင်း |
| ၆.၁.၃. (င) | ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ | နှစ်မကုန်မီ စွန့်ပစ်ရေစီမံခန့်ခွဲမှုစနစ် အနည်းဆုံး ၂ ခုအား ဆောင်ရွက်ခြင်း |
| ၆.၁.၄. (က) | MoHS | နှစ်မကုန်မီ ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်း ထပ်တိုးခန့်အပ်ခြင်း |
| ၆.၁.၄. (ခ) | MoHS | နှစ်မကုန်မီ အနည်းဆုံး ကျန်းမာရေးဝန်ထမ်း ၅၀-၈၀% အား ကာကွယ်ရေးဝတ်စုံများ လုံလုံလောက်လောက်ပေးခြင်း |
| ၆.၁.၅. (က) | MoHS | နှစ်မကုန်မီ လက်ရှိ ဓါတ်ခွဲခန်း အနည်းဆုံး ၁ ခုအား အဆင့်မြှင့်တင်ခြင်း |
| ၆.၁.၅. (ခ) | MoHS | နှစ်မကုန်မီ လက်ရှိဆေးရုံနှင့် ကျန်းမာရေးစောင့်ရှောက်မှု စင်တာများအား အဆင့်မြှင့်တင်ခြင်း |
| ၆.၁.၅. (ဂ) | MoHS | နှစ်မကုန်မီ ဆေးဘက်ဆိုင်ရာအထူးနေရာ အနည်းဆုံး ၁၀ ခု အတွက် မီးစက်ထားရှိပေးခြင်း |
| ၆.၁.၅. (ဃ) | MoHS | နှစ်မကုန်မီ ဆေးဘက်ဆိုင်ရာအထူးနေရာ အနည်းဆုံး ၁၀ ခု အတွက် လျှပ်စစ်အအေးပေးစနစ်ထောက်ပံ့ပေးခြင်း |
| **ပန်းတိုင် ၇ - COVID-19 တုံ့ပြန်မှု ရန်ပုံငွေ သုံးစွဲနိုင်မှု မြှင့်တင်ခြင်း (အရေးပေါ်ရန်ပုံငွေအပါအဝင်)** | | |
| **၇.၁. COVID-19 ရန်ပုံငွေနှင့် အရေးပုံရန်ပုံငွေ သုံးစွဲနိုင်မှု မြှင့်တင်ခြင်း** | | |
| ၇.၁.၁ (က) | MoPFI | ဘတ်ဂျက်ခွဲဝေမှုလုပ်ငန်းစဉ်စတင်ခြင်း |
| ၇.၁.၂. (က) | MoPFI | ဘဏ္ဍာရေးစည်းမျဉ်းများ ပြန်လည်သုံးသပ်ခြင်း |
| ၇.၁.၂. (ခ) | MoPFI | ဘဏ္ဍာရေးစည်းမျဉ်းများ ပြန်လည်သုံးသပ်ခြင်း |
| ၇.၁.၃. (က) | MoPFI | မြန်မာနိုင်ငံ၏ COVID-19 တိုက်ဖျက်မှုတွင် ကူညီရန် ပြည်ပချေးငွေ အနည်းဆုံး အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံမှ ၂၀၀ ဘီလီယံအထိ ရရှိခြင်း<br>မြန်မာနိုင်ငံ၏ COVID-19 တိုက်ဖျက်မှုတွင် ကူညီရန် ပြည်ပအကူ အညီရငွေများ ရရှိရေး စတင်ခြင်း |

ဆောင်ရွက်မည့်အခြေပြုဇယားပါ အဓိကအရေးယူဆောင်ရွက်မည့်စီမံချက်များ (Action Plans) နှင့် အရေးယူဆောင်ရွက်မှုများ၏ စီးပွားရေးအရ ထွက်ပေါ်လာမည့်ရလဒ်များကို တိုင်းတာဖို့အတွက်မှု အချိန်တစ်ခု လိုအပ်ပါလိမ့်မည်။ ထို့ကြောင့် စောင့်ကြည့်ရေးယန္တရားသည် ထွက်ပေါ်လာမည့် ရလဒ် (outcomes) ထက် ထုတ်လုပ်ပေးသည့် ရလဒ် (outputs) ပေါ်တွင်သာ အဓိကအလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထုတ်လုပ်ပေးသည့် ရလဒ်ကို အထက်ဖော်ပြပါ စောင့်ကြည့်ရေးအခြေပြုဇယားပါ ဆောင်ရွက်မည့်စီမံချက် (Action Plans) အသီးသီးအတွက် ပူးတွဲဖော်ပြထားသည့် အညွှန်းကိန်းများ (Indicatiors) ဖြင့် တိုင်းတာသွားမည်ဖြစ်ပါသည်။ Action Plan များကို အကောင်အထည်ဖော်မည့် အစိုးရအဖွဲ့အစည်းတစ်ခုချင်းစီ၏ ဆောင်ရွက်ချက်ကို ဖော်ပြပါ အညွှန်းကိန်းများအား အခြေခံလျက်စောင့်ကြည့်သွားမည်ဖြစ်ပါသည်။



Scanned by CamScanner